# ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ

office@crphmyanmar.org

**လွှတ်တော်ကိုယ်စားလှယ်များ၏ လူ့အခွင့်အရေးဆိုင်ရာ ကော်မတီအစည်းအဝေးတွင် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြု ကော်မတီဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့် ပြောကြားခဲ့သည့် မိန့်ခွန်း**

**၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့**

**လွှတ်တော်ကိုယ်စားလှယ်များ၏ လူ့အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များခင်ဗျား -**

မင်္ဂလာပါ။

ယနေ့မှာ မြန်မာနိုင်ငံရှိ လွှတ်တော်ကိုယ်စားလှယ်များ ကြုံတွေ့နေရတဲ့ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများနှင့် ပတ်သက်၍ မျှဝေဆွေးနွေးခွင့်ရတဲ့အတွက် များစွာ ကျေးဇူးတင်ရှိပါတယ်။

ပထမဦးစွာ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီနှင့် ရွေးကောက်ခံလွှတ်တော် ကိုယ်စားလှယ်များကိုယ်စား နိုင်ငံတကာပါလီမန်များသမဂ္ဂ (IPU) နှင့် လွှတ်တော်ကိုယ်စားလှယ် များ၏ လူ့အခွင့်အရေးဆိုင်ရာကော်မတီ ခေါင်းဆောင်များအား ကျေးဇူးတင်ရှိပါတယ်။ ၁၉၉၀ ပြည့်နှစ်မှစ၍ မြန်မာနိုင်ငံ၌ ဒီမိုကရေစီထွန်းကားရေး၊ လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အခက်အခဲများကို ထောက်ခံအားပေးခြင်း အတွက် များစွာကျေးဇူးတင်ရှိပါတယ်။ မြန်မာနိုင်ငံ၌ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စစ်တပ်မှ အာဏာသိမ်းမှုကို ပြင်းထန်စွာ ရှုတ်ချခြင်း အပါအဝင် အခြားသောနည်းလမ်းများဖြင့် ကူညီဆောင်ရွက်နေမှုများအတွက် နိုင်ငံတကာပါလီမန်များသမဂ္ဂ (IPU) ကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌကြီးခင်ဗျား -**

၂၀၂၁ ခုနှစ်၊ ဖေဖေါ်ဝါရီလ (၁) ရက်နေ့တွင် အကြမ်းဖက်စစ်ကောင်စီသည် ပြည်သူ လူထု၏ တစ်ခဲနက်ဆန္ဒမဲပေးရွေးချယ်ခဲ့သော ရွေးကောက်ပွဲရလဒ်ကို ဆန့်ကျင်လျက် မဲမသမာ

မှုရှိသည်ဟု မမှန်မကန်စွပ်စွဲ၍ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများအရ ဖြေရှင်းဆောင်ရွက်ရန် ပြဋ္ဌာန်းထားသည်ကို လျစ်လျူရှုလျက် နိုင်ငံတော်၏အာဏာကို ပြည်သူက ရွေးချယ်တင်မြှောက်ထားသည့် အစိုးရထံမှ အတင်းအဓမ္မ သိမ်းယူခဲ့တာကို လူကြီးမင်းတို့ သိရှိပြီး ဖြစ်ပါတယ်။ ယင်းလုပ်ဆောင်ချက်သည် စစ်တပ်အလိုကျ ရေးဆွဲပြဋ္ဌာန်းထားသည့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကိုသာမက လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် ၂၁၊ ပိုဒ်ခွဲ ၃ အရ ပြည်သူလူထု၏ ဆန္ဒသည် အုပ်ချုပ်ရေးအာဏာ၏ အခြေခံဖြစ်ရမည်ဟူသည့် အချက်ကိုလည်း ချိုးဖောက်နေခြင်း ဖြစ်ပါတယ်။

၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲကို ပြည်တွင်းပြည်ပ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့များက လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ကြောင်း အသိအမှတ်ပြုခဲ့ပါတယ်။ သို့သော် အကြမ်းဖက်စစ်ကောင်စီက အထွေထွေရွေးကောက်ပွဲရလဒ်အား ဖျက်သိမ်းကြောင်း ကြေညာခဲ့ခြင်းကြောင့် ပြည်သူလူထု၏ ဆန္ဒသဘောထားနှင့် လက်နက်အားကိုးဖြင့် ဖျက်ဆီးခြင်း ခံခဲ့ရပါတယ်။

သို့သော် ပြည်သူလူထုက ဆန္ဒမဲပေးရွေးချယ်ထားသည့် မိမိတို့ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူလူထုက အပ်နှင်းထားသည့် အခွင့်အာဏာကို ကျင့်သုံးလျက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH)ကို ဖွဲ့စည်းခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းခဲ့ပြီးနောက် အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ (NUCC)ကို ဖော်ဆောင်ကာ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ်ကို အတည်ပြုခဲ့ပြီး အမျိုးသားညီညွတ်ရေးအစိုးရ (NUG)ကို ဖွဲ့စည်းခဲ့ပါတယ်။ ပြည်သူလူထုအတွက် ဥပဒေပြုရေး တာဝန်များကို ဆောင်ရွက်ခြင်း၊ နိုင်ငံတကာလွှတ်တော်များနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းများကို ဥပဒေမဲ့ ဖမ်းဆီးနှိပ်ကွပ်မှုများကြားမှပင် စွမ်းစွမ်းတမံဆောင်ရွက်လျက်ရှိပါတယ်။

**ဥက္ကဋ္ဌကြီးနှင့် ကော်မတီအဖွဲ့ဝင်များခင်ဗျာ -**

မြန်မာနိုင်ငံ၌ ကျွန်ုပ်တို့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အသက်အန္တရာယ်ခြိမ်းခြောက်ခံရခြင်း၊ မတရားဖမ်းဆီးခံရခြင်း၊ အကျဉ်းချခံရခြင်း၊ မိမိတို့ ပိုင်ဆိုင်မှုများအား အတင်းအဓမ္မဖျက်ဆီးခံရခြင်း၊ ချိတ်ပိတ်သိမ်းဆည်း ခံရခြင်းတို့ အပါအဝင် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ ကြုံတွေ့နေရပါတယ်။ ပြည်သူလူထု တစ်ခဲနက်ထောက်ခံခဲ့သည့် NLD ပါတီ ရုံးများကို ဖုံးခွဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ အကြမ်းဖက် ကျူးကျော်ဝင်ရောက်၍ ပစ္စည်းသိမ်းယူခြင်းများကို

အပြင်းအထန် ဆောင်ရွက်နေပြီး တချိန်တည်းတွင် စစ်ကောင်စီက ၎င်းတို့အလိုကျ ပါတီများနှင့် တွေ့ဆုံကာ နိုင်ငံရေးပါတီများနှင့် ပူးပေါင်းဆောင်ရွက်နေသယောင်ဖြင့် အာဏာရှင်တို့ ထုံးစံ အတိုင်း ကမ္ဘာကို လှည့်စားရန် ကြိုးစားနေပါတယ်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် ဖမ်းဆီးခံ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း (၁၂၁) ဦးရှိပြီး လွှတ်တော်ကိုယ်စား လှယ် (၁) ဦးဟာ မတရားဖမ်းဆီးခံရပြီး အကျဉ်းထောင်၌ သေဆုံးရတာကို ဝမ်းနည်းစွာ အသိပေး လိုပါတယ်။

ပြည်သူလူထုအတွက် ဥပဒေပြုရေးလုပ်ငန်းများဆောင်ရွက်နေသည့် မိမိတို့ပြည်ထောင်စု လွှတ်တော်ကိုယ်စားပြုကော်မတီဝင်များသာမက ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များ သည်လည်း မမှန်မကန် စွပ်စွဲခံရခြင်းနှင့် ဖမ်းဆီးထောင်ချခံရခြင်းတို့ ကြုံတွေ့နေရလျက် ရှိပါ တယ်။ ထို့ပြင် ၎င်းတို့သာမက ၎င်းတို့၏ မိသားစုဝင်များ၊ ဆွေမျိုးမိတ်ဆွေများသည်လည်း ခြိမ်းခြောက်မှုများစွာနှင့် ရင်ဆိုင်နေရပြီး အိုးအိမ်စွန့်ခွာ တိမ်းရှောင်နေရကာ ပိုင်ဆိုင်မှုများအား အကြမ်းဖက် ဖျက်ဆီးခံရမှု၊ သိမ်းဆည်းခံရမှုတို့ လုပ်ဆောင်ခံရလျက် ရှိပါတယ်။

**ဥက္ကဋ္ဌကြီးခင်ဗျာ -**

အသိသာဆုံး သာဓကအနေဖြင့် မတ်လ (၆) ရက်နေ့တွင် ယခု လက်ရှိအစည်းအဝေး တွင် တက်ရောက်လျက်ရှိသော ကိုယ်စားလှယ်တစ်ဦးလည်းဖြစ်သည့် ပန်းပဲတန်းမြို့နယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးစည်သူမောင်အား ဖမ်းဆီးရန် ကြိုးပမ်းရာမှ ယင်းကိုယ်စားလှယ် ၏ ရွေးကောက်ပွဲကိုယ်စားလှယ် ဦးခင်မောင်လတ်အား ဖမ်းဆီးကာ စစ်ကြောမေးမြန်းရာတွင် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများ ပြုလုပ်ခဲ့သဖြင့် အသက်သေဆုံးသွားပြီး နောက် တစ်ရက်တွင် စစ်ကောင်စီမှ အလောင်းလာထုတ်ရန် အကြောင်းကြားခဲ့ပါတယ်။ ယင်းဖြစ်ရပ်မှာ လူမဆန်သည့် အလွန်ဆိုးရွားသော ဖြစ်စဉ်များထဲမှ တစ်ခုဖြစ်ပါတယ်။ ထိုဖြစ်စဉ်ပြီး နောက် တစ်ရက် မတ်လ (၇) ရက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ် ဦးစည်သူမောင်၏ နေအိမ်ကို စစ် ကောင်စီတပ်သားများမှ ဝင်ရောက်စီးနင်း၍ လွှတ်တော်ကိုယ်စားလှယ် ကို မတွေ့ရှိသည့်နောက် နေအိမ်ရှိ တန်ဖိုးရှိပစ္စည်းများကို ဖျက်ဆီး၊ အကြမ်းဖက် လုယက်ပြီးသည့်အပြင် ဖခင်ဖြစ်သူကိုပါ အကြမ်းဖက် ဖမ်းဆီးခဲ့ပါတယ်။

ထိုသို့ဖြစ်ရပ်များအပြင် ပဲခူးတိုင်းဒေသကြီး၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် တစ်ဦးဖြစ်သည့် ဦးညွန့်ရွှေအား ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် စစ်ကောင်စီမှ ထိန်းသိမ်းခဲ့ပြီး အကျဉ်းထောင်အတွင်း ဖမ်းဆီးထားစဉ် ကိုဗစ်ရောဂါပိုး ကူးစက်ခံခဲ့ရပြီး လိုအပ်သော ဆေးဝါး ကုသမှုမရရှိခဲ့ပါသဖြင့် ဩဂုတ်လ ၁၆ ရက်နေ့တွင် ကွယ်လွန်ခဲ့ပါတယ်။ လွှတ်တော်ကိုယ်စား လှယ်တစ်ဦး၊ လူသားတစ်ဦးအနေဖြင့် ရရှိသင့်သည့် အခြေခံကျန်းမာရေး စောင့်ရှောက်ခံရမှု အခွင့်အရေးပင် မရရှိခဲ့သော အနေအထားဖြစ်ပါတယ်။ ထိုကဲ့သို့ပင် တနင်္သာရီတိုင်းဒေသကြီးမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သူ ဒေါ်တင်တင်ရီမှာလည်း စစ်ကောင်စီ၏ ဖမ်းဆီး ထိန်းသိမ်းမှုမှ ရှောင်တိမ်းစဉ် လိုအပ်သောဆေးကုသမှုခံယူရန် မဖြစ်နိုင်သော အခြေအနေများ ကြောင့် ကွယ်လွန်ခဲ့ရပါတယ်။

အဆိုပါ အကြောင်းအချင်းအရာများသည် လူ့အခွင့်အရေး ကြေညာစာတမ်းပါ အချက် တစ်ခုဖြစ်သည့် အပိုဒ် ၃ တွင် လူတိုင်း၌ အသက်ရှင်ရန်လွတ်လပ်ခွင့်နှင့် လုံခြုံစိတ်ချခွင့်ရှိသည် ဟူသော အချက်ကို လက်ရှိ မြန်မာနိုင်ငံတွင် မည်သို့မျှ မရရှိနိုင်ဘဲ ချိုးဖောက်ခံနေရသော အနေ အထားဖြစ်နေသည်ကို ထင်ထင်ရှားရှား ညွှန်ပြလျက်ရှိပါတယ်။ ထိုမျှသာမက တရားစီရင်ရေး မဏ္ဍိုင်ဖြစ်သော တရားရုံးအဆင့်ဆင့်နှင့် တရားစွဲအဖွဲ့အစည်းများဖြစ်သည့် ရဲဌာနများ၊ ဥပဒေရုံး များသည် စစ်တပ်၏ ထိန်းချုပ်မှုအောက်တွင် ရှိနေပြီး ဥပဒေကို မျက်ကွယ်ပြုလျက် ဆောင်ရွက် နေမှုများနှင့် စီရင်ဆုံးဖြတ်မှုများကို ကြုံတွေ့နေရလျက်ရှိပါတယ်။

ဥပမာအားဖြင့် စွပ်စွဲခံရသူအား ဖမ်းဆီးခေါ်ဆောင်သွားစဉ် သတင်းအချက်အလက်များ ဖြတ်တောက်ထားခြင်း၊ မိသားစုနှင့် တွေ့ဆုံခွင့်မပြုခြင်း၊ အများပြည်သူကြားနာနိုင်သော တရားခွင် ဖော်ဆောင်ပေးရန် ပျက်ကွက်ခြင်း၊ မတရားစွပ်စွဲခံရသော သူများအတွက် အကျိုးဆောင်ပေး သော ရှေ့နေများကိုပင်လျှင် ၅၀၅ (က) ဖြင့် တရားစွဲဆို ဖမ်းဆီးခြင်း၊ မီဒီယာများနှင့် ဆက်သွယ် ပြောဆိုခွင့် ပိတ်ပင်ခြင်းများပြုလုပ် လျက်ရှိပါတယ်။ ထိုသို့သော အကြမ်းဖက်မှုများ၊ လူ့အခွင့် အရေးချိုးဖောက်မှုများ၊ ညှဉ်းပန်းနှိပ်စက်မှုများကို နေရာဒေသအစုံ၊ အလွှာစုံမှ လွှတ်တော် ကိုယ်စားလှယ်များ ကြုံတွေ့နေရလျက်ရှိပါတယ်။

**ဥက္ကဋ္ဌကြီးခင်ဗျား-**

မြန်မာနိုင်ငံလွှတ်တော်သည် ၂၀၁၂ ခုနှစ်မှ စတင်၍ IPU အပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများ၏ အကူအညီဖြင့် ဒီမိုကရေစီထွန်းကားရေး ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်မှုကို

မျှော်မှန်းလျက် ပြည်သူ့အရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ပါတယ်။ ယခုအခါတွင်မူ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲမှ ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရသည့် မြန်မာနိုင်ငံမှ လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ အခွင့်အရေးများကို သာမက လူသားတို့၏ အခြေခံအခွင့်အရေးများကိုပါ အပြင်းအထန် ချိုးဖောက်ခံနေရပါတယ်။ ရွေးကောက်ခံကိုယ်စားလှယ်များသည်ပင်လျှင် ယခုကဲ့သို့ အခွင့်အရေးများ ချိုးဖောက်ခံနေရပြီး လူသားဘဝလုံခြုံမှုမရှိသည့် အခြေအနေမျိုးတွင် သာမန်ပြည်သူ တစ်ရပ်လုံး အနေဖြင့်လည်း အကြမ်းဖက်စစ်တပ်၏ ပိုမိုဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများကို တွေ့ကြုံခံစားနေရသည်မှာ အသေအချာပင် ဖြစ်ပါတယ်။

ဒီမိုကရေစီကို လိုလားသည့် ပြည်သူလူထုက ရွေးကောက်ပွဲတွင် တစ်ခဲနက် ထောက်ခံဆန္ဒမဲပေးခဲ့ကြသော်လည်း စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်သည့် ပြည်သူလူထုအား အင်အားအလွန် အကျုံးသုံးဖြေရှင်းနေခြင်းကြောင့် မြန်မာနိုင်ငံ၌ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်သည် ခြိမ်းခြောက်မှုများစွာအောက်တွင် ဆုံးရှုံးခဲ့ပြီး ဖြစ်ပါတယ်။

ယခုနှစ်အတွင်း မြန်မာနိုင်ငံ၌သာမက ကမ္ဘာ့နိုင်ငံအချို့တွင်လည်း ဒီမိုကရေစီသည် နည်းလမ်းပေါင်းစုံဖြင့် အန္တရာယ်ပြုခံနေရပြီး ဒီမိုကရေစီစံတန်ဖိုးများသည်လည်း သိသိသာသာ ကျဆင်းလျက်ရှိကြောင်း မြင်တွေ့ရပါတယ်။ ယခုကဲ့သို့ ဖြစ်စဉ်များဟာ နိုင်ငံတစ်နိုင်ငံအတွက် သာမက ကမ္ဘာ့နိုင်ငံများအတွက်ပါ ကြောက်မက်ဖွယ် ခြိမ်းခြောက်မှု တစ်ရပ်ဖြစ်ပါတယ်။ ထို့ပြင် ယင်းကဲ့သို့ ခြိမ်းခြောက်မှုများ ပပျောက်ရေးကို နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် ပိုမို ထိထိရောက်ရောက် ဖြေရှင်းဆောင်ရွက်ဖို့ လိုအပ်နေကြောင်း မီးမောင်းထိုးပြလျက် ရှိပါတယ်။

နိုင်ငံတကာပါလီမန်များသမဂ္ဂ (IPU)သည် ပြည်သူများ၏ ဆန္ဒနှင့် မျှော်လင့်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေသည့် လွှတ်တော်ကိုယ်စားလှယ်များ စုဝေးရာဖြစ်ပြီး ကမ္ဘာ့ပြည်သူများအတွက် ဒီမိုကရေစီထွန်းကားရေး၊ နိုင်ငံသားအခွင့်အရေး၊ လူ့အခွင့်အရေး၊ တန်းတူအခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဥပဒေမူဘောင်များ အားကောင်းလာစေရန် လုပ်ဆောင်နေသည့် အဖွဲ့အစည်း တစ်ရပ် ဖြစ်ပါတယ်။

နိုင်ငံတကာပါလီမန်များသမဂ္ဂ(IPU)နှင့် အဖွဲ့ဝင်လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ CRPH အား လွှတ်တော်၏ အခွင့်အာဏာကို ကျင့်သုံးဆောင်ရွက်ရာတွင် ပိုမိုလုပ်ဆောင်နိုင်ရေး ကူညီဆောင်ရွက်ပေးရန်နှင့် မြန်မာနိုင်ငံရှိ လွှတ်တော်ကိုယ်စားလှယ်များအား

အကြမ်းဖက် တိုက်ခိုက်ခံရမှုများနှင့် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများမှ အကာအကွယ်ပေးနိုင်ရေးအတွက် ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် တားဆီးပေးရန် မေတ္တာရပ်ခံလိုပါတယ်။

မိမိတို့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီအနေဖြင့် ပြည်သူလူထုနှင့်အတူ မြန်မာနိုင်ငံ၌ စစ်အာဏာရှင် အပြီးတိုင်ကျဆုံးရေးနှင့် အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်နိုင်ရေး အစွမ်းကုန်ကြိုးစား လုပ်ဆောင်သွားမည် ဖြစ်ကြောင်း ဤအစည်းအဝေးမှတဆင့် ထပ်လောင်း အသိပေးလိုပါတယ်။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတကာပါလီမန်များသမဂ္ဂနှင့် အဖွဲ့ဝင်လွှတ်တော်များ၊ နိုင်ငံတကာအသိုက်အဝန်းအနေနဲ့ အောက်ပါအချက်များကို တောင်းဆိုလိုပါတယ် -

- ငြိမ်းချမ်းစွာဆန္ဒပြမှုအပေါ် အကြမ်းဖက် ဖိနှိပ်နေမှုကို ပြင်းထန်စွာ ရှုံ့ချရန်နှင့် အကြမ်းဖက်လုပ်ရပ်များ ချက်ချင်းရပ်တန့်ပေးရေးအတွက် တောင်းဆိုပေးရန်၊
- နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဖမ်းဆီးခံ လွှတ်တော်ကိုယ်စားလှယ်များအား ချက်ချင်းပြန်လွှတ်ပေးရေးနှင့် ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲရလဒ်ကို လေးစားခြင်းအားဖြင့် တရားဝင် အစိုးရထံ အာဏာပြန်လွှဲအပ်ပေးရေး တောင်းဆိုပေးရန်၊
- ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီအား IPU နှင့် အဖွဲ့ဝင် လွှတ်တော်များက တရားဝင်အသိအမှတ်ပြုပေးရန်၊
- CRPH က ဖွဲ့စည်းခဲ့သည့် ပြည်သူ့ကိုယ်စားပြု အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို အဖွဲ့ဝင်နိုင်ငံများရှိ လွှတ်တော်များမှတဆင့် သက်ဆိုင်ရာ အစိုးရများအနေဖြင့် အသိအမှတ်ပြုပေးနိုင်ရန်နှင့် ချိတ်ဆက်ဆောင်ရွက်ရန်အတွက် တိုက်တွန်း တောင်းဆိုပေးရန်၊
- လူသားချင်းစာနာထောက်ထားမှုအပါအဝင် လိုအပ်သည့်အကူအညီများပေးအပ်နိုင်ရေး အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီတို့နှင့် ပူးပေါင်းဆောင်ရွက်ပေးရန်၊
- အကြမ်းဖက်စစ်ကောင်စီအပေါ် ထိရောက်သော နိုင်ငံရေး၊ သံတမန်ရေးနှင့် စီးပွားရေး ပိတ်ဆို့မှုများ ဆက်လက်လုပ်ဆောင်ပေးရန်၊

- မြန်မာနိုင်ငံ၏ သံအမတ်ကြီး ဦးကျော်မိုးထွန်းကို ပြည်သူတစ်ရပ်လုံး၏ ဆန္ဒနှင့်အညီ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်အဖြစ် ဆက်လက် အသိအမှတ်ပြုနိုင်ရေး IPU နှင့် အဖွဲ့ဝင်လွှတ်တော်များအနေဖြင့် တတ်စွမ်းသမျှ ကူညီပံ့ပိုးပေးရန်၊
- ယခု တင်ပြချက်အစီရင်ခံစာအား (၁၄၃) ကြိမ်မြောက် နိုင်ငံတကာ ပါလီမန်များညီလာခံသို့ တင်ပြပေးရန်နှင့် ယင်းညီလာခံ၌ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ပေးရန် တို့ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ၌ ဒီမိုကရေစီပြန်လည်ရရှိရေးနှင့် စစ်အာဏာရှင်စနစ်ကျရှုံးရေးကို မိမိတို့နဲ့ အတူ ပူးပေါင်းဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။

ကျေးဇူးတင်ပါတယ်။

xxxxxxxxxxxxxxxxxxxxxx